# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၃–၆–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၏ **ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်သော စီးပွားရေးညီလာခံတစ်ရပ်ကျင်းပပြီး အမှန်တကယ် အလုပ်ဖြစ်နိုင်မည့် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **၂၁–၂–၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မည်သည့်အတွက် Zero Line, Zero Line Area, No Man Land စကားလုံးများ သုံးစွဲရသည်ကို ရှင်းပြပါရန်နှင့် အဆိုပါ Zero Line Area တွင် နေထိုင်သူများ မရှိစေရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **နိုင်ငံအတွင်း နေထိုင်သူအားလုံးအား ID နံပါတ်တစ်ခုချင်းစီဖြင့် Database တည်ဆောက်ခြင်းကို ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အတွင်းရှိ စာရင်း မကောက်ယူနိုင်သေးသော ဘင်္ဂလီ ခန့်မှန်းလူဦးရေ (၁၀၉၀၀၀၀)ဦး စာရင်းကို မည်သို့တွက်ချက်ရယူခဲ့ပြီး မည်မျှ တိကျမှန်ကန်မှု ရှိပါ သနည်း၊ လူဦးရေစာရင်းကို အတိအကျရရှိအောင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးနိုင်ရန် မည်သို့အရေးယူဆောင်ရွက် သွားမည် တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်စည်သူ၊ လွိုင်ကော် မဲဆန္ဒနယ်၏ **ကယားပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ၊ ထိုင်း နှစ်နိုင်ငံနယ်စပ်ဝင်ပေါက် BP-13မှတစ်ဆင့် လွိုင်ကော်မြို့အထိ နှစ်ဖက်နိုင်ငံ ခရီးသွားများအား တရားဝင်လုံခြုံစွာ ခရီးသွားလာခွင့် ရရှိနိုင်ရေးအတွက် ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်အဆင့်မှ နယ်စပ်ဖြတ်သန်း သွားလာခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသည့် ကမန်လူမျိုး လူဦးရေ စုစုပေါင်းနှင့် မြို့နယ် အလိုက် ကမန်လူဦးရေ မည်မျှရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက်**

**ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊ **(ယနေ့ခွင့်)**

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(င) ဦးခင်မောင်ဦး၊ ကျောက်တံခါး မဲဆန္ဒနယ်၊

(စ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၊

(ဆ) ဦးသိန်းထွန်း၊ သာပေါင်း မဲဆန္ဒနယ်၊

(ဇ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

(ဈ) ဦးရွှေလှကြိုင်၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၊

(ည) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဋ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဌ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသော **“မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။